# လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆက်နွယ်မှုများမှတဆင့် ကျား/မ ရေးရာတန်းတူညီမျှမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများစွမ်းပကားမြှင့်မားရေးစသည့်နယ်ပယ်များတွင် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ အမျိုးသမီးများကွန်ယက်၏ ဘုံတောင်းဆိုချက် ကြေငြာစာတမ်း

ဩဂုတ်လ ၆ ရက် ၂၀၁၈ တွင် ဤကြေငြာစာတမ်း ထွက်ပေါ်ခဲ့ပါသည်။



Photo: UN Women/Saw Aung Naing Htoo

ဤစာတမ်းကို ကချင်ပြည်နယ်အမျိုးသမီးကွန်ရက် (KSWN) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်ကြသည့် ထွယ်ကျားမရေးရာနှင့်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ကချင်အမျိုးသမီးရေးရာအဖွဲ့(KWA)၊ Good Hope Foundation၊ Dawn Pace Foundation၊ မိုးမာက်အမျိုးသမီး၊ ရှမ်းအမျိုးသမီးဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖောင်ဒေးရှင်း၊ မင်္ဂလာဖောင်ဒေးရှင်း၊ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက် (KDNG)၊ Kindness Women Networking Group၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် - အမျိုးသမီးဌာန စသည့်အဖွဲ့အစည်းများ ပါဝင်သည်။ DaiFan အဖွဲ့ကလည်း ပါဝင်ခဲ့ပါသည်။

UN Women is the United Nations organization dedicated to gender equality and the empowerment of women. A global champion for women and girls, UN Women was established to accelerate progress on meeting their rights worldwide. UN Women supports United Nations Member States as they set global standards for achieving gender equality, and works with governments and civil society to design laws, polices, programmes and services needed to implement these standards. It stands behind women's equal participation in all aspects of life, focusing on five priority areas; increasing women's leadership and participation; ending violence against women; engaging women in all aspects of peace security processes; enhancing women's economic empowerment; and making gender equality central to national development planning and budgeting. UN Women also leads, coordinates and promotes the United Nations system's work in advancing gender equality.

**Common Charter of Demands by Women's Groups for Gender Equality and Women's Empowerment across the Peace-Humanitarian-Development Nexus in Kachin State, — Myanmar**

Published UN Women, Myanmar 2018

Copyright © United Nations Entity for Gender Equality and the Empowerment of Women (UN Women) All rights reserved. Reproduction and dissemination of materials in this publication for education and non-commercial purposes are authorized without prior written permission form UN Women provided the sources is fully acknowledged without permission from UN Women. Application for permission may be addressed to info.th@unwomen.org

ISBN No. 978-974-680-418-9

United Nations Entity for Gender Equality and the Empowerment of Women (UN Women) Myanmar
No. 23 (A), Inya Myaing Road, Shwe Taung Gyar Ward (2)
Bahan Township, Yangon 11201 Myanmar
Tel+ 951 2305960-69

The views expressed in this publication are those of the author, and do not necessarily represent the views of UN Women, the United Nations or any of its affiliated organizations.

Produced by: UN Women, Myanmar

# လုပ်သားချင်းစာနာထောက်ထားမှုအကူအညီများ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆက်နွယ်မှုများမှတဆင့် ကျား/မ ရေးရာတန်းတူညီမျှမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများစွမ်းပကားမြှင့်မားရေးစသည့်နယ်ပယ်များတွင် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်၊ အမျိုးသမီးများကွန်ယက်၏ ဘုံတောင်းဆိုချက် ကြေငြာစာတမ်း

ဩဂုတ်လ ၆ ရက် ၂၀၁၈ တွင် ဤကြေငြာစာတမ်း ထွက်ပေါ်ခဲ့ပါသည်။

ဤစာတမ်းကို ကချင်ပြည်နယ်အမျိုးသမီးကွန်ရက် **(KSWN)** နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်ကြသည့် ထွယ်ကျားမရေးရာနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ကချင်အမျိုးသမီးရေးရာအဖွဲ့ **(KWA)**၊ **Good Hope Foundation**၊ **Dawn Pace Foundation**၊ မိုးမောက်အမျိုးသမီး၊ ရှမ်းအမျိုးသမီးဖွံ့ဖြိုးရေးကွန်ရက်၊ မေတ္တာဖောင်ဒေးရှင်း၊ မင်္ဂလာဖောင်ဒေးရှင်း၊ ကချင်လူမှုဖွံ့ဖြိုးရေးကွန်ရက် **(KDNG)**၊ **Kindness Women Networking Group**၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် - အမျိုးသမီးဌာန စသည့် အဖွဲ့အစည်းများ ပါဝင်သည်။ DaiFan အဖွဲ့ကလည်း ပါဝင်ခဲ့ပါသည်။



Photo: UN Women/Saw Aung Naing Htoo

ကချင်ပြည်နယ်ရှိအမျိုးသမီးနှင့် မိန်းကလေးများသည် ကမ္ဘာ့မြေကြီး၏အလှတရားကို တွေ့ကြုံခံစားရန် မွေးဖွား လာခြင်းဖြစ်သည်။ ထို့အပြင်၎င်းတို့၏ မိသားစုဝင်များ၊ လူထုအသိုင်းအဝိုင်းများ၊ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် နိုင်ငံအတွင်း ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်ရေးကိုပံ့ဖော်ရန်အတွက် ငြိမ်းချမ်းရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် ကိုယ်စိတ်ရွှင်လန်းကျန်းမာရေးအတွက် ပါဝင်လုပ်ဆောင်လျက် ရှိပါသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် လူသားများကြောင့်ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခကြီးတစ်ခု ကချင်ပြည်နယ်တွင် ဖြစ်ပေါ်လာသည်။ ထိုအချိန်မှစတင်ပြီး လူ့အသက်ပေါင်းများစွာဆုံးရှုံးခြင်း၊အခြေခံအဆောက်အဦးများထိခိုက်ပျက်စီးခြင်း၊ အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများပျက်စီးဆုံးရှုံးခြင်းနှင့် ပြည်သူ တစ်သိန်းကျော်သည်အချိန်ကြာမြင့်စွာနှင့် ဆက်တိုက်ဆိုသလို နေရပ်စွန့်ခွာထွက်ပြေးတိမ်ရှောင်နေကြရသည်။ အချိန်ကြာမြင့်စွာ ထွက်ပြေးတိမ်ရှောင်နေရခြင်းနှင့် လူသားချင်းစာနာမှုအကူအညီများကို ၂၀၁၆ခုနှစ် ကတည်းက ကန့်သတ်လိုက်သဖြင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရသည့် လူထုအသိုင်းအဝိုင်းများ၏ ခံနိုင်ရည်ကိုထိ ခိုက်စေပြီး၊ ဆင့်ကဲဖြစ်ပေါ်သည့် ထိခိုက်ရှနာလွယ်မှုနှင့် ဘေးထုတ်ဖယ်ကျဉ်ခံရမှုကိုတွေ့ကြုံခံစားရစေပြီးအပျက်သဘောဘာဆောင်သည့် ကုစားမှုများကိုဦးတည်စေရုံသာမက ကျားမအခြေပြု အကြမ်းဖက်မှုနှင့် လူကုန်ကူးမှုအပါအဝင်ကာကွယ်ခြင်းဆိုင်ရာအန္တရာယ်များကိုရင်ဆိုင်လာရစေသည်။ အဆိုပါအန္တရာယ်များကို ပဋိပက္ခကြုံတွေ့ခဲ့ရသည့် လူဦးရေနှင့် နေရပ်စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသည့် လူထုအသိုင်းအဝိုင်းများရှိအမျိုးသမီးများနှင့်မိန်းကလေးငယ်များက အဓိက ရင်ဆိုင်နေကြရပါသည်။ ထိုသို့ဖြစ်ရသည်မှာ ကျားမတန်းတူညီမျှမှုမရှိခြင်း၊ လူမှုဓလေ့ထုံးတမ်းနှင့်ဘာသာရေးသတ်မှတ်ချက်များမှတဆင့် ဖြစ်ပေါ်လာသည့် ကျား၊မ ခွဲခြားခြင်းနှင့် ဥပဒေများ၊ မူဝါဒများ၊ သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော လူမှုအဆောက်အဦးများတွင်ထည့်သွင်းပြဋ္ဌာန်းထားခြင်းတို့ကြောင့်ဖြစ်ပါသည်။ တိုင်းရင်းသူနှင့် ဘာသာရေး လူနည်းစုအမျိုးသမီးများ၊ လူမှုစီးပွား ရေးနိမ့်ကျသည့် အမျိုးသမီးများ၊ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရသည့် အမျိုးသမီးများ၊ မသန်စွမ်းအမျိုးသမီးများ၊ ကျား/မ အခြေပြု အကြမ်းဖက်မှုနှင့် လူကုန်ကူးခံခဲ့ရသူများ၊ အသက်ကြီးသည့် အမျိုးသမီးများ၊ ဆယ်ကျော်သက်မိန်း ကလေးငယ်များ၊ ကိုယ်ဝန်သည်နှင့် နို့တိုက်မိခင်များ၊ လိင်ပြောင်းလဲထားသည့်သူများ၊လိင်စိတ်တိမ်းညွှတ်မှုကွဲပြားသူများသည် အလွှာများစွာသော ခွဲခြားဆက်ဆံမှုနှင့် ဘေးထုတ်ဖယ်ကျဉ်ခံရမှုများကြောင့် အဆိုးဝါးဆုံး ထိခိုက်ခံစားရသည့်သူများဖြစ်ကြပြီး အထူးဂရုပြုဦးတည်ဆောင်ရွက်ရန်လိုအပ်နေပါသည်။ ဤအခြေအနေသည်ကချင်ပြည်နယ်ရှိ အမျိုးသမီးနှင့် မိန်းကလေးများ ဆုံးဖြတ်ချက်ချရာတွင်ပါဝင်နိုင်မှု၊ ပြန်လည်ထူထောင်ခြင်းနှင့် အသွင်ကူးပြောင်းမှုများတွင် ပါဝင်နိုင်ရန် အဟန့်အတားဖြစ်စေသည်သာမက ငြိမ်းချမ်းရေးရရှိလာစေရန်ဦးတည်သည့် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးရာမူဝါဒများ၊ အစီအမံများကို ပြင်ဆင်ရာတွင် ပါဝင်လုပ်ဆောင်နိုင်ရန်လည်း အတားအဆီးများ ဖြစ်စေပါသည်။

သို့သော် အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် အမျိုးသမီးရေးရာစည်းရုံးလှုံ့ဆော်သူများသည်ပံ့ပိုးကူညီမှုနှင့်အခွင့်အရေးများရရှိပါက မြှင့်တင်လုပ်ဆောင်ရန်ဆန္ဒရှိပြီး အ ဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ကျားမတန်းတူရေးသည် ထိရောက်မှုရှိပြီးတာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့် အပြင် ရေရှည်တည်တံ့ခိုင်မြဲသည့်မဟာဗျူဟာများရရှိလာရန်အတွက် ရှေ့ပြေးအခြေအနေဖြစ်သည့်အပြင် လက်တွေ့လုပ်ဆောင်မှု၏ အရှိန်ကိုလည်းမြှင့် တင်ပေးနိုင်သည်။ ထို့ကြောင့်ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက်နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများကနိုင်ငံတော်အစိုးရ၊ ဒေသတွင်းအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများကို ငြိမ်းချမ်းရေး၊ လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးတိုးတက်မှုစသည့် နယ်ပယ်များတွင် ကျား/မတန်းတူရေးနှင့် အမျိုးသမီးများစွမ်းပကားမြှင့်တင် နိုင်ရန် အမျိုးသမီးအဖွဲ့များစု ပေါင်းတောင်းဆိုမှုအတိုင်း ပူးပေါင်းလုပ်ဆောင်ရန် တိုက်တွန်းလိုသည်။

ပဋိပက္ခကိုအဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိခြင်းသည် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်သူများ အလိုလားဆုံးနှင့် မျှော်လင့်ချက်အထားဆုံးအရာဖြစ်သည်။

# အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် အရေးပေါ်အခြေအနေ

ကချင်ပြည်နယ်ရှိအမျိုးသမီးများသည်ပဋိပက္ခကာကွယ်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင် ပါဝင်ရန်အတွက် စိတ်ပါဝင်စားမှုမြင့်မားပြီး ထိုသို့ပါဝင်သဖြင့် ပံ့ပိုးကူညီနိုင်မှုနှင့် ရယူနိုင်မှုများစွာရှိသည်ဟုခံယူကြသည်။ သို့သော် အမျိုးသားကြီးစိုးသည့် ဓလေ့ထုံးတမ်းများ၊ မူဝါဒနှင့်ဥပဒေများက အမျိုးသမီးများ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်မှုမရှိစေရန် ဘေးထုတ်ဖယ်ကျဉ်ထားသည်။ အမျိုးသမီးများကိုယ်တိုင်ကလည်း ထိုသို့ ပါဝင်ခွင့်ရှိသည်ဆိုသည့် အခွင့်အရေးကို မသိရှိကြပါ။ ထို့ပြင် ပဋိပက္ခကို ဖြေရှင်းမှု ပြန်လည်ထူထောင်မှုနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှုများတွင် ပါဝင်လုပ်ဆောင်နိုင်မှုနှင့် လုပ်နိုင်ချေများကို သတိမပြုမိဘဲ ရပ်ရွာလူထု၏ကြံ့ခိုင်မှုနှင့် သဟဇာတဖြစ်စေရန်လုပ်ဆောင်ရာတွင် အမျိုးသမီး များ၏ ဦးဆောင်မှုကို အသိအမှတ်ပြုတိုးမြှင့်ဆောင်ရွက်ပေးပါရန်လိုအပ်ပါသည်။ ရလာဒ်အ နေဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်များကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ၎င်းတို့၏အသံများကို ဖော်ပြနိုင်ရန် တိုးမြှင့်လုပ်ဆောင်ပေးရပါမည်။ လူသားချင်းစာနာမှုအခြေအနေ၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်ပတ်သက်သည့် ပြင်ဆင်မှုနှင့် ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသမီးများနှင့် အမျိုးသမီးရေးရာစည်းရုံးလှုံ့ဆော်သူများ မပါဝင်ပါက ထိရောက်မှုရှိသောသက်သေအခြေပြု၊ တာဝန်ခံမှု တာဝန်ယူမှုရှိသည့် မူဝါဒများ၊ ပြင်ဆင်မှုများနှင့် ပြင်ဆင်မှုများကို လုပ်ဆောင်ရာတွင် ကျားမရေးရာ ထိခိုက်ရှနာလွယ်မှု၊ ပဋိပက္ခနှင့်အကြပ်အတည်းကာလ၏အကျိုးသက်ရောက်မှုကို ပြီးပြည့်စုံစွာနားလည်နိုင်မည် မဟုတ်ပါ။ အမျိုးသမီးများကို ခေါင်းဆောင်ကောင်းများနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်သူများဖြစ်လာစေရန် စွမ်းရည်မြှင့်တင်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်ရန် အရေးပါမှုကို အသိအမှတ်ပြုခြင်း၊ အခွင့်အရေးနှင့်နေရာပေးခြင်းကသာလျှင် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးရရှိရန်လမ်းကြောင်းမှန် ပေါ်ရောက်ရှိလာစေမည်ဖြစ်သည်။ ကချင်ပြည်နယ်ရှိ အမျိုးသမီးများသည် ဖြစ်ပွားနေသည့်အကြပ်အတည်းနှင့် ပဋိပက္ခတွင် အဆိုးဝါးဆုံးနှင့်ထိခိုက်အများဆုံးရင်ဆိုင်ရသူများတွင်ပါဝင်သော်လည်း ရပ်ရွာလူထု၏ အခက်အခဲများကိုပြေလျော့စေရန်ကနဦး တုံ့ပြန်လုပ်ဆောင်ကြသူများဖြစ်သည်။ ကျား/မတန်းတူညီမျှမှုမရှိခြင်း၊ ကျားမ အခြေပြုခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို ဖြစ်ပေါ်နေသည့် အရေးပေါ် အခြေအနေကထပ်လောင်းအားဖြင့်ထားပြီး ပိုမိုဆိုးဝါးလာစေသဖြင့် အမျိုသမီးနှင့် မိန်းကလေးငယ်များသည် လိင်ပိုင်းဆိုင်ရာ အမြတ် ထုတ်မှု၊ အလွဲသုံးစားပြုလုပ်မှု၊ အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အဓိကပစ်မှတ် ထားခြင်းခံရသူများဖြစ်ကြသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်များ၊ သက်ကြီး ရွယ်အိုများနှင့် မသန်စွမ်းများသည် အန္တရာယ်အကြုံရနိုင်ဆုံး အုပ်စုများဖြစ်ကြသည်။ သို့သော် တရားမျှတမှုရရှိစေရန် ထိုသို့သောအခြေအနေများကို ဒေသတွင်းအာဏာပိုင် များထံသို့ တင်ပြနိုင်သည့်နေရာ မရှိပါ။ လူသားချင်းစာနာမှုအခြေအနေကိုတုံ့ပြန်ရန်ပြင်ဆင်မှု၊ ပြန်လည်နေရာချထားခြင်းဆိုင်ရာမူဝါဒများ၊ လုံခြုံရေး ဆိုင်ရာမူဝါဒများကို ဖော်ဆောင်ရာတွင် အမျိုးသမီးများကိုပါဝင်ရန် အလွန်အရေးကြီးသလို ပဋိပက္ခရင်ဆိုင်နေရသည့်အမျိုးသမီးများ၏အသံနှင့် တောင်းဆိုချက်များကိုအရေးပေါ် လူသားချင်းစာနာမှု အကူအညီ များနှင့် အကာအကွယ်များကိုပံ့ပိုးကူညီရာမှ ရေရှည်တွင်ပြန်လည်ထူထောင်ရန်နှင့် နေရာချထားခြင်းဆိုင်ရာ လိုအပ်ချက်များကို ဦးတည် လုပ်ဆောင်ရန်လည်း အရေးကြီးပါသည်။ စစ်ရှောင်စခန်းများရှိ အမျိုးသားများ၊ အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ယောကျာ်းလေးများသည် မိသားစုဝင်များနှင့် ရင်နှီးကျွမ်းဝင်သူများ၊ လယ်ယာ၊ နေအိမ်၊ ကျွဲနွားနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ပဋိပက္ခကြောင့် ဆုံးရှုံးခဲ့ကြရသည်။ လူအများစုက ပိုမိုလုံခြုံသည့်နေရာသို့ ပြောင်းရွှေ့နိုင်ခြင်းမရှိဘဲ စစ်ရှောင်စခန်းများတွင် ပိတ်မိနေကြပြီး ခက်ခဲ့သည့် အခြေအနေများ ကိုရင်ဆိုင်နေရကာ၊ အခြေခံလိုအပ်ချက်များရရှိခြင်းမရှိသည့်အပြင် ဘေးကင်းလုံခြုံမှုအတွက် အမြဲတမ်းစိုးရိမ်နေကြရပြီး အနာဂတ်အတွက် မျှော်လင့်ချက်မဲ့နေကြသည်။

# အဓိကတောင်းဆိုချက်များ

- ကချင်ပြည်နယ်အတွင်းရှိ လူသားချင်းစာနာမှုအခြေအနေကို လျင်မြန်စွာတုံ့ပြန် လုပ်ဆောင်နိုင်ရန် ပြည်ထောင်စုအစိုးရကဗဟိုချုပ်ကိုင်မှုလျှော့ချပြီး တာဝန်ယူမှုတာဝန်ခံမှုကို ကချင်ပြည်နယ် သို့.ပေအပ်ရပါမည်။

- လူသားချင်းစာနာမှု အကူအညီများပေးအပ်နိုင်ရန် ကုလသမ္မဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ကချင်ပြည်နယ်အတွင်းရှိ ပဋိပက္ခရင်ဆိုင်နေရသည့် လူဦးရေထံ ဝင်ရောက်ခွင့် အပြည့်အဝပေးရမည်။

- အရေးပေါ်အခြေအနေများတွင် အစားအစာနှင့် အခြားအသက်ကယ်သည့်လူသားချင်းစာနာမှု အကူအညီများကို လျှော့ချခြင်း ဖြတ်တောက်ခြင်းမပြုရန်။

- ပြည်သူများ ဘေးကင်းလုံခြုံစေရန် ကျေးရွာအတွင်းရှိ တပ်စခန်းများကို ဖယ်ရှားပေးရပါမည်။

- လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားချင်းစာနာမှုအကူအညီများ၊ အခြားလိုအပ်ချက်နှင့် ပြဿနာများကို တင်ပြနိုင်ရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဝန်ဆောင်မှုပေးသူများထံမှ တာဝန်ခံ မှုတာဝန်ယူမှုရှိသည့် နောက်ဆက်တွဲတုံ့ပြန်မှုများကို တောင်းဆိုနိုင်ရန် ဘေးကင်းလုံခြုံပြီ အသုံးပြုရရှိရန်လွယ်ကူသည့် ဆက်သွယ်ရေး ဝန်ဆောင်မှုနှင့် တိုင်ကြားနိုင်သည့် ယန္တရားများ ဖော်ဆောင်ပေးပါရန်။

- လိုအပ်ချက်များ၊ ပြဿနာများနှင့် တောင်းဆိုချက်များနှင့် ပတ်သက်ပြီး အားလုံးပူးပေါင်းပါဝင်နိုင်သည့် တွေ့ဆုံဆွေးနွေးပွဲများကို ပဋိပက္ခရင်ဆိုင်နေရသည့်လူဦးရေ၊ အထူးသဖြင့် အမျိုးသမီးများနှင့် ပုံမှန်လုပ်ဆောင်ရမည်။

- လူ့အခွင့်အရေးချိုးဖောက်ခံရသူများအပါအဝင် ပဋိပက္ခရင်ဆိုင်နေရသည့် လူဦးရေကို တရားမျှတမှုလက်လှမ်းမီရရှိနိုင်ရန်နှင့် လူမှုစိတ်ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ပံ့ပိုးကူညီပေးရပါရန်။

- စစ်ရှောင်စခန်းတွင် ချိတ်ဆက်ညှိနှိုင်းခြင်းနှင့် စီမံခန့်ခွဲခြင်း အပါအဝင် ကချင်ပြည်နယ်အတွင်း ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လုံခြုံရေးဆိုင်ရာ ပြင်ဆင်မှုများ၊ မူဝါဒများချမှတ်မှုများတွင် အမျိုးသမီးကိုယ်စားပြုမှုကို မြင့်တင်ပြီးနှင့် အဓိပ္ပာယ်ရှိရှိပါဝင်နိုင်ရန် လုပ်ဆောင်ပေးရမည်။

- ခေါင်းဆောင်များနှင့်ဆုံးဖြတ်ချက်ချမှတ်နိုင်သူများ ဖြစ်လာစေရန် အမျိုးသမီးများကို စွမ်းရည်မြင့်တင်ခြင်းနှင့် အမြင်ဖွင့်ခြင်းများလုပ်ဆောင်ခြင်းအပြင်ကချင်ပြည်နယ်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်နိုင်စေရန် အခွင့်အရေး၊ နေရာပေးခြင်းနှင့် အသိအမှတ်ပြုခြင်းတို့ကို လုပ်ဆောင်ရမည်။

- ကချင်ပြည်နယ်ရှိ ပဋိပက္ခရင်ဆိုင်နေရသည့်လူဦးရေကကြုံတွေ့ခံရသည့် တရားမမျှတမှု၊ ဆုံးရှုံးနစ်နာမှုများကို လျော်ကြေးပေးရန်နှင့်ပြန်လည်ကုစားရန်အတွက် အစိုးရအနေဖြင့် ကုလသမ္မဂ္ဂအဖွဲ့ ့အစည်း များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်း များနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ပြင်ဆင်မှုများ အစီအမံများကို ဖော်ဆောင်ရမည်။

- ကချင်ပြည်နယ်အတွင်းရှိပဋိပက္ခရင်ဆိုင်နေရသည့်လူဦးရေနှင့်အမျိုးသမီးများကို ရေရှည်တည့်သည့် အသက်မွေးဝမ်းကျောင်းမှုများ၊ ကိုယ်တိုင်ရပ်တည်မှုနှင့် ငွေကြေးလွတ်လပ်မှုရှိစေရန်ငွေကြေး နှင့်ပစ္စည်းကိရိယာပံ့ပိုးကူညီ၊ ကျွမ်းကျင်မှုသင်တန်းများပေးခြင်း၊သမားရိုးကျအသက်မွေးဝမ်းကြောင်းလုပ်ငန်းများဖန်တီးပေးခြင်း၊ ဈေးကွက် နှင့် ချိတ်ဆက်ပေးခြင်း၊ ငွေကြေးရ ယူနိုင်ခြင်း၊ မြေယာ အခွင့်အရေးနှင့် မြေယာပြန်လည်ရရှိခွင့်များရရှိလာစေရန် လုပ်ဆောင်ပေးပါမည်။

# အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

အမျိုးသားကြီးစိုးသည့်မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် ဒုတိယနိုင်ငံသားများနှင့် တူနေပြီး ပုဂ္ဂလိကနှင့် အများပြည်သူဆိုင်ရာနေရာများဖြစ်ကြသည့် မိသားစု၊ ရပ်ရွာလူထုနှင့် နိုင်ငံတော်အဆင့်တွင် ခွဲခြားဆက်ဆံခံနေကြရသည်။ တင်းကျပ်သည့် လူမှုဓလေ့ထုံးတမ်းဆိုင်ရာ ကျားမရေးရာစံနှုန်းများနှင့် အလေ့အထများသည်အမျိုးသမီးများကို အိမ်တွင်းလုပ်ငန်းများတွင်သာ ပိတ်မိနေစေပြီး လက်ရှိပြဋ္ဌာန်း ဥပဒေများ နှင့် မူဝါဒများသည် အမျိုးသမီးများတန်းတူ အခွင့်အရေးရရှိရန်နှင့် လုံလောက်သည့်ကိုယ်စားပြုမှု ဖြစ်ပေါ်စေရန် လုပ်ဆောင်ပေးနိုင်ခြင်းမရှိပေ။ ထိုသို့ဖြစ်ခြင်းသည် အမျိုးသမီးများကို ပညာရေးကဏ္ဍ၊ လုပ်သားများအဖြစ်ပါဝင်နိုင်မှု၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေး အစရှိသည့် ကဏ္ဍစုံတွင် မပါဝင်နိုင်စေရန် တားဆီးနေသည်။ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းနှင့် နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အကြောင်းအရာများ၊ စီးပွားရေး၊ ပညာရေး၊ သဘာဝသယံဇာတစီမံခန့်ခွဲမှု၊ လုံခြုံရေး၊ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ လူ့အခွင့်အရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေး၊ မြေယာ၊ အိုးအိမ်ပိုင်ဆိုင်မှုနှင့် အခြားအကြောင်းအရာများတွင် အမျိုးသမီးများကို အမျိုးသားများနည်းတူ သာတူညီမျှမှုရှိစွာ ပါဝင်စေသင့်ပါသည်။ အခွင့်အရေးတန်းတူပေးသည်ဆိုပါက အမျိုးသမီးများသည် နိုင်ငံ၏အနာဂတ်ကို ပုံဖော်နိုင်သည့် စွမ်းရည်နှင့် စိတ်ဆန္ဒရှိကြပါသည်။

အမျိုးသမီးများ၏အမြင်များ၊ အသံများ၊ စဉ်းစားချက်များနှင့် အတွေးအခေါ်များကို လက်တွေ့လုပ်ဆောင်နိုင်ရန် အမျိုးသားများ၊ အစိုးရနှင့် အခြားအာဏာပိုင်များက အမျိုးသမီးများကိုတိုက်တွန်းပြီး ပံ့ပိုးကူညီရန်နှင့် နေရာပေးရန် လိုအပ်ပါသည်။ အဆင့်မြင့်ပညာရေးများ၊ သင်တန်းများကို အမျိုးသမီးများပိုမိုရရှိလာစေရန်၊ ယုံကြည်မှုနှင့် ခေါင်းဆောင်မှုစွမ်းရည်တည်ဆောက်ရန်အတွက် အမျိုးသမီးများကို အခွင့်အရေးပေးရန်လိုပြီး ဘဝ၏ဘက်စုံကဏ္ဍနှင့် ဆုံးဖြတ်ချက်ချသည့်အဆင့်တိုင်းတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ကူညီပေးနိုင်ပြီး ခွဲခြားဆက်ဆံမှုမရှိသည့် ပတ်ဝန်းကျင်ရပ်ဝန်း ဖန်တီးပေးရန်လိုပါသည်။ ကိုယ်စိတ်ကျန်းမာရေး နှင့် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှု၊ ချမ်းသာကြွယ်ဝမှုနှင့် ငြိမ်းချမ်းမှုကချင်ပြည်နယ်တွင် ဖြစ်ပေါ်လာစေရန်အတွက် ထိုသို့လုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်ပါသည်။

# အဓိကတောင်းဆိုချက်များ

- ရွေးကောက်ပွဲများတွင် အမျိုးသမီးမဲပေးသူများနှင့် ကိုယ်စားလှယ်လောင်းအရေအတွက် တိုးတက်လာစေပြီး နိုင်ငံရေးပါတီများတွင် ညီမျှသည့်ကျားမကိုယ်စားပြုမှုဖြစ်ပေါ်လာရမည်။

- မူဝါဒများ၊ ဥပဒေများ၊ မဟာဗျူဟာနှင့် အစီအမံများကိုဖော်ဆောင်ခြင်းအပါအဝင်အုပ်ချုပ်မှုယန္တရားတွင် အမျိုးသမီးများအနှစ်သာရရှိရှိပါဝင်နိုင်မှု တိုးတက်လာစေရန်နှင့် ညီမျှသည့်ကိုယ်စားပြုမှုဖြစ်ပေါ်လာရ မည်။

- ကဏ္ဍစုံရှိအလုပ်အကိုင်များတွင် အမျိုးသမီးများကို ဦးဆောင်သည့်တာဝန်များ ပိုမိုပေးအပ်ခြင်းကို ခွဲတမ်းစနစ်နှင့် အခြားကျားမအခြေပြု ကိုယ်စားပြုနိုင်သည့်စနစ်များဖြင့် လုပ်ဆောင်ရမည်။

- သတင်းမီဒီယာ (တီဗွီ၊ သတင်းစာ၊ ရေဒီယို၊ လူမှုကွန်ရက်) များတွင် ကျားမတန်းတူရေးနှင့် အမျိုးသမီးများလုပ်ပိုင်ခွင့်မြင့်တင်ခြင်းနှင့် ပတ်သက်ပြီးမြင့်တင်ရန်နှင့် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ရမည်။

- ကျားမတန်းတူရေးနှင့် အမျိုးသမီးစွမ်းကကား မြင့်တင်ခြင်းနှင့်ပတ်သက်သည့် အမြင်ဖွင့်သင်တန်းများ၊ စည်းရုံးလှုံ့ဆော်သည့် လုပ်ငန်းစဉ်များ၊ တွေ့ဆုံဆွေးနွေးပွဲများကို ကချင်ပြည်နယ်တွင်းရှိ ကျေးရွာ၊ စခန်း၊ မြို့နယ်၊ ခရိုင်နှင့် ပြည်နယ်အဆင့်များတွင် လုပ်ဆောင်မည်။

- အမျိုးသမီးများ၊ အမျိုးသမီးအဖွဲ့အစည်းများနှင့် ကွန်ရက်များက ၎င်းတို့၏အသံများ၊ တောင်းဆိုချက်များ ပိုမိုသိမြင်လာစေရန် အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခွင့်အရေးများ၊ လမ်းစဉ်များ၊ နေရာများပိုမိုဖန်တီးပေးမည်။

- အမျိုးသမီးများ၏ဦးဆောင်မှု၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ယုံကြည်မှု ပိုမိုခိုင်မာအားကောင်း လာစေရန် ဖိုရမ်များ၊ သင်တန်းအခွင့်အရေးများနှင့် သူငယ်ချင်း အချင်းချင်းကြား အကြံဉာဏ်ပေးသည့် အစီအစဉ်များ ဖန်တီးပေးရမည်။

# အမျိုးသမီးများနှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းနှင့် စီးပွားရေး

ကချင်ပြည်နယ်ရှိအမျိုးသမီးများသည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ကျားမရေးရာ အတားအဆီးများကြောင့် စီးပွားရေးဆိုင်ရာအခွင့်အာဏာများ ရယူနိုင်ခြင်းမရှိကြပါ။ ထိုအတားအဆီးများတွင် တင်းကြပ်သည့် လူမှုယဉ်ကျေးမှုဆိုင်ရာ ကျားမစံနှုန်းများကြောင့် အမျိုးသမီးများသည်အိမ်တွင်း အလုပ်များတွင် ပိတ်မိသကဲ့သို့ဖြစ်နေပြီး နိမ့်ပါးသည့် လုပ်ငန်းများသာ ရရှိကာ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ကျား/မ အခြေပြုအကြမ်းဖက်မှုများကြုံရခြင်း၊ ခွဲခြားဆက်ဆံမှုရှိသည့် မြေယာနှင့် အိုးအိမ်ပိုင်ဆိုင်မှု ဥပဒေများ၊ သားဖွားခွင့်ယူခြင်း၊ ကလေးသူငယ်ပြုစု စောင့်ရှောက်ခြင်းဆိုင်ရာ အထောက်အပံ့ပစ္စည်းပစ္စယများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုကို လုံးဝသည်းမခံခြင်း အစရှိသည့် အမျိုးသမီးအခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်အာဏာကို မြှင့်တင်သည့် လုပ်ငန်းစဉ်များမရှိခြင်း၊ ပညာရေးသင်ယူမှုအကန့်အသတ်မရှိခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုကျွမ်းကျင်ရေးနှင့် အခြားကျွမ်းကျင်မှုများကို ရယူခွင့်အကန့်အသတ်ရှိခြင်းတို့ ပါဝင်ပါသည်။

အမျိုးသမီး၏အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ရေရှည်တည်တံ့ရေန်အတွက်လည်းကောင်း၊ မိမိခြေထောက်ပေါ်မိမိရပ်တည်နိုင်ခြင်း၊ ငွေကြေးလွတ်လပ်ရန်နှင့် စီးပွားရေးနလန်ထူလာနိုင်ရန်နှင့် ရပ်ရွာလူထု၏ တောင့်ခံနိုင်မှုကို ကူညီနိုင်ရန်အတွက်စီးပွားရေး၏ ငါးဆယ်ရာခိုင်နှုန်းတွင်ပါဝင် ပံ့ပိုးပေးနိုင်ရန်အတွက်လည်းကောင်း၊ ကချင်ပြည်နယ်နှင့်နိုင်ငံ၏ကြွယ်ဝချမ်းသာမှုနှင့်ဖွံ့ဖြိုးရေးအတွက်လည်းကောင်း အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများသည် အမျိုးသမီးများကို နေရာ၊ အခွင့်အရေးနှင့် တန်းတူအခွင့်အရေးပေးရန် လုပ်ဆောင်ရမည်။

# အဓိကတောင်းဆိုချက်များ

- အလုပ်အကိုင်အခွင့်အလမ်းနှင့် တန်ဖိုးတူသည့် အလုပ်အကိုင်အတွက် တန်းတူလုပ်ခလစာ ပေး ရန် ပံ့ပိုးကူညီရမည်။

- အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများ၊ စွန့်ဦး တီထွင်ဖန်တီးမှုနှင့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ဈေးကွက်နှင့် ငွေကြေး စီမံခန့်ခွဲမှုစသည့် အ ကြောင်းအရာများနှင့် ပတ်သက်သည့် သင်တန်း တက်ရောက်နိုင်သည့် အခွင့်အရေးများ အမျိုးသမီး များကို ပံ့ပိုးပေးရမည်။

- အမျိုးသမီးများ ငွေကြေးရယူနိုင်မှုနှင့် ဘဏ်လုပ် ငန်းများတွင် ပါဝင်နိုင်စေရန် ရှိနေပြီးသား လုပ် ဆောင်ချက်များကို ခိုင်မာအောင် လုပ်ဆောင်ပြီး ဥပ ဒေများကို ပြန်လည် သုံးသပ်ရမည်။

- မြေယာ၊ အိုးအိမ်ပိုင်ဆိုင်မှုနှင့် စီးပွားရေးလုပ်ငန်း များအတွက် တန်းတူပိုင်ဆိုင်ခွင့်နှင့် ပူးတွဲပိုင်ဆိုင် ခွင့်ရရှိစေရန် ဥပဒေများကို ပြန်လည်သုံးသပ် ပြင် ဆင်ရမည်။

- အမျိုးသမီးများ၏အသံများ၊ ပြဿနာများနှင့် စိန် ခေါ်မှုများကို အစိုးရနှင့် အခြားအာဏာပိုင်များထံ ရောက်ရှိစေနိုင်ရန် ကချင်ပြည်နယ်ရှိအမျိုးသမီးအား လုံးကို ကိုယ်စားပြုသည့် အမျိုးသမီးစီးပွား ရေး လုပ်ပိုင်ခွင့် အာဏာမြင့်တင်သည့် "စောင့် ကြည့်မှုယန္တရား" တစ်ခုဖော်ဆောင်ကာလုပ်သား ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ အကောင် အထည် ဖော်လုပ်ဆောင်ခြင်းနှင့် စောင့်ကြည့် လေ့လာမှုများတွင် လျင်မြန်သည့် သင့်တော်သည့် တုံ့ပြန်မှုများလုပ်ဆောင်ရမည်။

- ကျားမတန်းတူသည့်လုပ်သားဥပဒေများဖြစ်လာစေ ရန်နှင့် အဆင့်တိုင်းတွင်ရှိသည့်ဥပဒေများ လိုက်နာ စေရန်လုပ်ဆောင်မှုများ ပိုမိုခိုင်မာလာ စေရန် အမြင် ဖွင့်အစီအစဉ်များလုပ်ဆောင်မည်။

- အိမ်တွင်း အလုပ်များကို ကျားမတန်းတူစွာလုပ် ဆောင်မှုကို မြင့်တင်ရန် အမြင်ဖွင့်အစီအစဉ် များနှင့် စည်းရုံးလှုံ့ဆော်သည့် အစီအစဉ်များကို ပြည်နယ် ခရိုင်၊ မြို့နယ်နှင့် ဒေသတွင်ဆင့်များ လုပ်ဆောင်မည်။

- အမျိုးသမီးများ၏ စီးပွားရေးလုပ်ပိုင်ခွင့် အာဏာ မြင့်တင်နိုင်ရန်အတွက် စည်းရုံးလှုံ့ဆော်သည့်လုပ် ငန်းစဉ်များ၊ မီဒီယာနှင့် သူငယ်ချင်း အချင်းချင်း အကြံ ဉာဏ်ပေးသည့် စနစ်များမှတဆင့် အ မြင်ဖွင့်ခြင်းဖြင့် ဒေသတွင်းရှိ ယဉ်ကျေးမှု ခေါင်းဆောင်များ၏ စနစ် ကို မြင့်တင်မည်။

# အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းနှင့် လူကုန်ကူးမှု

ကျားမအခြေပြုအကြမ်းဖက်မှုသည် အမျိုးသမီးများ၊ မိန်းကလေးနှင့် ယောကျာ်းလေးများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေပြီး အိမ်တွင်းအကြမ်းဖက်မှုသည် ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်းသိရှိရသည်။ ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့်အကျိုးသက်ရောက်မှုများတွင် အသက်မွေးဝမ်းကြောင်း လုပ်ငန်းမရှိခြင်း၊ ဆင်းရဲမွဲတေမှုဒဏ်ခံရခြင်းတို့ပါဝင်ပြီး အကြမ်းဖက်မှုကို ပိုမိုဖြစ်ပွားစေသည့် အဓိကအန္တရာယ်များတွင် မူးယစ်ဆေးဝါးနှင့် အရက်သောက်သုံးခြင်းတို့ ပါဝင်သည်။ လက်နက်ကိုင်အဖွဲ့များကကျူးလွန်သည့် ပဋိပက္ခနှင့်ဆက်စပ်သည့် အကြမ်းဖက်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အဓမ္မပြုကျင့်မှုများသည် ကချင်ပြည်နယ်တွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်နေသဖြင့် အမျိုးသမီးများသည် ဘေးကင်းလုံခြုံသည်ဟု မခံစားရဘဲ လွတ်လပ်စွာသွားလာလှုပ်ရှားမှုနှင့် ဝန်ဆောင်မှုများ ကိုရယူနိုင်မှုကို အကန့်အသတ်ဖြစ်စေပါသည်။ အချိန်ကြာမြင့်စွာထွက်ပြေးတိမ်းရှောင်နေရခြင်းသည် ရပ်ရွာလူထု၏ ကုစားမှုနှင့်ဒဏ်ခံနိုင်မှု၊ စီးပွားရေး ရာအခွင့်အလမ်းအပေါ် အကျိုးသက်ရောက်စေသည့်အပြင် မူးယစ်ဆေးဝါး၊ လက်နက်နှင့် အခြားတရားမဝင်ပစ္စည်းများကို တရားမဝင်နယ်စပ်ဖြတ်ကျော် ရောင်းဝယ်ဖောက်ကားမှု၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များကို တရုတ်ပြည်သို့ လူကုန်ကူးမှုများ၊ အထူးသဖြင့် အန္တရာယ်ရှိသည့် နယ်စပ်ဒေသနှင့် စစ်ရှောင်စခန်းများ၊ အစိုးရထိန်းချုပ်နယ်မြေမဟုတ်သည့်ဒေသများရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များကို လူကုန်ကူးမှုများစသည့် အပျက်သဘောဆောင်သည့် ကုစားမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ ကာကွယ်မှုဆိုင်ရာအန္တရာယ်များကို ပိုမိုထိတွေ့လာစေသည်။ အလုပ်အကိုင်ရှာဖွေမှု၊ လူနေထူထပ်ပြီး ဘေးကင်းလုံခြုံမှုမရှိသည့် စခန်းများမှ လွတ်မြောက်လိုမှု၊ နယ်စပ်ဖြတ်ကျော်စီမံသည့် ထိမ်းမြား လက်ထပ်ခြင်းများသည် အမျိုးသမီးများကို လူကုန်ကူးရာတွင် အဓိကဆွဲခေါ်နေသည့် အကြောင်းအရင်းများ ဖြစ်သည်။ ဤအခြေအနေသည် အမျိုးသမီးများကို ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်၊ အလွဲသုံးစားလုပ်ခြင်းနှင့် အကြမ်းဖက်မှုကြုံတွေ့စေရန် ပိုအန္တရာယ်ရှိစေပြီး ကျူးလွန်ခံရသူများက အကာအကွယ်၊ ဝန်ဆောင်မှုများရယူရန်နှင့် တရားမျှတမှုများရရှိစေရန် လုပ်ဆောင်နိုင်စေရန်အတွက် ချမှတ်ထားသည့် စနစ်များမလုံလောက်ဘဲ ကျူးလွန်ခံရသူများသည် ပိုပြီးဂုဏ်သရေညှိုးနွမ်းကာ ဘေးထုတ်ဖယ် ကျဉ်ခံကြရပါသည်။

မည်သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကိုမဆို ရပ်တန့်သင့်ပြီး ကျူးလွန်သူများကို တရားဥပဒေအတိုင်း အပြစ်ပေး အရေးယူသင့်ပါသည်။ ကျားမအခြေပြု အကြမ်း ဖက်မှုကျူးလွန် ခံရသူများနှင့် လူကုန်ကူးခံရသူများသည် လုံလောက်သည့် အကာအကွယ်၊ အတားအဆီး၊ လုံခြုံမှု၊ ပါဝင်စေမှုနှင့် လူ့အဖွဲ့အစည်းတွင်ပြန်လည်ပူးပေါင်းစေရန်အတွက် အစိုးရကလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

# အဓိကတောင်းဆိုချက်များ

- အစိုးရသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေစိုးမိုးရေးလုပ် ဆောင်သူများနှင့် သတင်းမီဒီယာများနှင့် ပူးပေါင်းကာ ပြည်နယ်၊ မြို့နယ်၊ ခရိုင်နှင့် လူထုအဆင့်များတွင် လူကုန်ကူးမှုနှင့် ဘေးကင်းလုံခြုံသည့်ရွှေ့ပြောင်းသွားလာမှု၊ ကျားမ အခြေပြုအကြမ်းဖက်မှုနှင့် အမျိုးသမီး နှင့်မိန်းကလေးများအပေါ် အကျိုးသက်ရောက်မှုရှိသည့် ကျားမရေးရာရှုထောင့်များနှင့်ပတ်သက်သည့် အမြင်ဖွင့်လုပ်ငန်းများ လုပ်ဆောင်ရမည်။

- ကျားမအခြေပြုအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုများ၊ အထူးသဖြင့်မိန်းကလေးနှင့် အမျိုးသမီးများကို လူကုန်ကူးမှုကိုကိုင်တွယ်ဖြေရှင်းဖယ်ရှားရန်အတွက် ကာကွယ်တားဆီးခြင်း၊အပြစ်ပေးအရေးယူခြင်းတို့ကို လုပ်ဆောင်ရန်ထိရောက်သည့် မဟာဗျူဟာများကို ဖော်ဆောင်ကျင့်သုံးရမည်။

- ကျားမအခြေပြုအကြမ်းဖက်မှုနှင့်လူကုန်ကူးခံရသူများအတွက် စုပေါင်းဝန်ဆောင်မှုရုံးများနှင့် ဘေးကင်းလုံခြုံသည့် ဂေဟာများကို ဖွင့်လှစ်ရမည်။

- ရဲတပ်ဖွဲ့နှင့် ဥပဒေစိုးမိုးရေး လုပ်ဆောင်သည့်အဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန်နှင့် ဥပဒေစိုးမိုးရေးလုပ်ဆောင်သူများနှင့် ကျားမအခြေပြုအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုအပါ အဝင် ကျားမရေးရာသင်တန်းများ လုပ်ဆောင်ရမည်။

**NSPAW** ကိုလည်းတိုင်းနှင့်ပြည်နယ်အားလုံးတွင် အကောင်အထည်ဖော် လုပ်ဆောင်ပေးရမည်။

United Nations Entity for Gender Equality
and the Empowerment of Women

ဘုံတောင်းဆိုချက် ကြေငြာစာတမ်းကို
**UN Women Myanmar** ၏ ပံ့ပိုးကူညီမှုနှင့်
နည်းပညာဆိုင်ရာ အကူအညီဖြင့် ပြင်ဆင်သည်။




UN WOMEN
United Nations Entity for Gender Equality and the Empowerment of Women

The Common Charter of Demands
has been prepared with kind facilitation
and technical support from
**UN Women Myanmar.**